# ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃) ကြိမ်မြောက် ပုံမှန်အစည်းအဝေး

## ဒုတိယနေ့ အစီအစဉ်

[ ၁၇–၁၁–၂၀၁၅ ] (အင်္ဂါနေ့)

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒုတိယနေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဒေါ်နန်းနွံ၊ ရှားတော မဲဆန္ဒနယ်၏ ဝေးလံခက်ခဲဒေသရှိ တိုင်းရင်းသားလူငယ်များကို အထိုက်အလျောက်အရည်အသွေးပြည့်မီသော ဘွဲ့ရများ ဖြစ်စေချင်ပါသောကြောင့် အဝေးသင်တက္ကသိုလ်များကို အရည်အသွေးပြည့်ဝရေးအတွက် မည်သို့ မြှင့်တင်ဆောင်ရွက်နေသည်ကို သိလိုခြင်း နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးစိုးအောင်၊ သဲကုန်း မဲဆန္ဒနယ်(ကိုယ်စား) ဦးရဲထွဋ်ဦး၊ နတ်တလင်း မဲဆန္ဒနယ်၏ ရန်ကုန်–ပြည်အမြန်ရထားကို 'တွဲဆိုင်းအသစ်' များ အစားထိုးလဲလှယ်ပေးပါရန် အစီအစဉ် ရှိ၊ မရှိ နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးတင်မောင်ဦး၊ ရွှေပြည်သာ မဲဆန္ဒနယ်၏ လေကြောင်းလိုင်း၊ ရေကြောင်းလိုင်း၊ ရထားပို့ဆောင်ရေးများနှင့်ပတ်သက်၍ လာမည့် အနာဂတ်တွင် သိသာထင်ရှားသော ပြောင်းလဲတိုးတက်မှုဖြစ်စေရန် မည်သို့ စီမံထားရှိသည်နှင့် ယခု (၅) နှစ်တာကာလအတွင်း သိသာထင်ရှားသော ပြောင်းလဲတိုးတက်မှု မရှိခြင်းအပေါ် မည်သို့ သုံးသပ်သည်ကို သိလိုခြင်း နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးခင်မောင်ဝင်း၊ လမ်းမတော် မဲဆန္ဒနယ်၏ နိုင်ငံခြား မတည်ငွေ ရာခိုင်နှုန်းဖြင့် မှတ်ပုံတင်ခွင့်ရရှိသော နိုင်ငံသားသင်္ဘောလိုင်း မည်မျှရှိပြီး အဆိုပါလုပ်ငန်းများကို မြန်မာ့ဆိပ်ကမ်း အာဏာပိုင် များက မည်သို့ကြီးကြပ်သည်နှင့် **DICA** ၏ ကုမ္ပဏီဖွဲ့စည်း တည်ဆောက်ခွင့်နှင့် **MIC** ၏ **Investment Permit** မည်သို့ ကွဲပြားသည်ကို သိလိုခြင်း နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည် ပေးပို့သော "အနုညာတ စီရင်ဆုံးဖြတ်ခြင်း ဥပဒေကြမ်း" နှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များကို လွှတ်တော်သို့ တင်ပြခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၇။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော "အနုညာတ စီရင်ဆုံးဖြတ်ခြင်း ဥပဒေကြမ်း" နှင့်စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘော ကွဲလွဲမှုရှိပါက ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်း ကိုယ်စားလှယ်တစ်ဦးက အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း၊

၈။ ပြည်သူ့လွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာ တင်ပြခြင်း၊

၉။ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာ နှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း၊

၁၀။ ပို့ဆောင်ရေးဝန်ကြီးဌာနက " မြန်မာနိုင်ငံ မီးပြတိုက် အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း" ကို တင်သွင်းခြင်း၊

၁၁။ " မြန်မာနိုင်ငံ မီးပြတိုက် အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း" နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြား ရှင်းလင်းခြင်း၊

၁၂။ ပို့ဆောင်ရေးဝန်ကြီးဌာနက တင်သွင်းသည့် " မြန်မာနိုင်ငံ မီးပြတိုက် အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း" နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း၊

၁၃။ ပြည်သူ့လွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီ၏ အစီရင်ခံစာ တင်ပြခြင်း၊

၁၄။ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီ၏ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက် ရယူခြင်း၊

၁၅။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒုတိယနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး တတိယနေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။